ကြပ်ကြီးကျေးရွာ

ယင်းမလွတ်အုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း**

**(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး**

**ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)**

**စီမံကိန်းပြုစုရေးသားသည့်အဖွဲ့**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကြပ်ကြီးကျေးရွာ**

**(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ**

**အညီဖြင့်ရေးဆွဲပါသည်။)**

ဧပြီလ၊ ၂၀၂၁

# မာတိကာ


မာတိကာ
အတိုကောက်စကားလုံးများ ၁
စကားချီး ၂
ကြပ်ကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃
ကြပ်ကြီးကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆
(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့်၄် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈
  (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
  (ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
  (ဂ) ဦးစားပေး စီမံချက်များ
  (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၀

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
  (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
  (ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
  (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
  (ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
  (က) ကြီးကြပ်စစ်ဆေးခြင်း
  (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
  (ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၅

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ **ရေကြောင်းသယ်ယူပို့ဆောင်ရေး**
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဥ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဥ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၆
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၇
**ကိုးကားစာရင်း** ၆၈

**အပိုင်း (၁) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၁/၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိ နိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဧပြီလ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကြပ်ကြီးကျေးရွာ
ဇလွန်မြို့နယ်

## ကြပ်ကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံ လုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကြပ်ကြီးကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ဇလွန်မြို့နယ် ယင်းမလွတ် အုပ်စုအတွင်း၌တည်ရှိပါသည်။ ကြပ်ကြီးကျေးရွာ၏ တောင်ဘက်တွင် အုတ်ရှစ်ကွင်း ကျေးရွာ တည်ရှိပါသည်။ပင်လယ်ရေမျက်နှာပြင်အထက်(၅၄) ခန့်တွင်တည်ရှိပါသည်။ တစ်နှစ်လုံးတွင် (၅)လခန့်မိုးရွာသွန်းပြီး၊ ဆောင်းရာသီ၌ အသင့်အတင့်အေးကာ ၊ နွေရာသီ ကာလများ၌ ယခင် နွေကာလများထက်တဖြည်းဖြည်းပို၍ ပူလာသည်ကို တွေ့ကြုံရပါသည်။ ကြပ်ကြီးကျေးရွာသည် ဇလွန်မြို့နယ်နှင့်(၂) မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော ကျေးရွာ ဖြစ်ပါသည်။ ကြပ်ကြီးကျေးရွာသည် ရွာတန်းရှည်ပုံစံဖြစ်ပြီး ဇလွန်၊ကော့ကပ်လမ်းနှင့် မနီးမဝေးတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသ ဖြစ်ပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး၊ တစ်ပိုင် တစ်နိုင်မွေးမြူရေးနှင့် ကျပန်းအလုပ်တို့ဖြစ်ပါသည်။ ဒေသ၏ တနှစ်ပျမ်းမျှ မိုးရေချိန် လက်မမှာ (၄၀)လက်မအထက်ရှိပြီး စိုက်ပျိုးရေးအနေဖြင့် စပါး၊ မတ်ပဲ၊ ပန်းတို့ကို အဓိက စိုက်ပျိုးပြီး ဆိုင်ကယ် ကယ်ရီလိုက်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကြပ်ကြီးကျေးရွာတွင် ကျောက်နှင့်သဲ လုံးဝမထွက်ရှိပါ။ တွင်းထွက် သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းများအတွက် စက်ယန္တာရားကိုအသုံးပြုပါသည်။ဆေးဘက်ဝင်အပင်များဖြစ်သော ငွေးတောက်ပင်၊ ပင်စိမ်းပင်၊ ဆင်နှာမောင်းပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ ဘောက်ပင်၊ ဆင်တုံးမနွယ်ပင်များရှိပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကြပ်ကြီးကျေးရွာတွင် အိမ်ခြေ(၈၅)အိမ်၊ အိမ်ထောင်စု (၈၅)နှင့် လူဦးရေ (၃၁၀)ဦး၊ ကလေး ငယ်အရွယ်(၆.၅)%၊ကျောင်းနေအရွယ်(၈.၅)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၇.၂)%၊ သက်ကြီး ရွယ်အို(၇.၄)%၊ မသန်စွမ်း(၂)%ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီးနိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း၅ဦးထက်လျော့နည်းသည်။ ကျေးရွာတွင်အမျိုးသား(၁၅၅)ဦး၊ အမျိုးသမီး (၁၅၅)ဦးရှိသဖြင့် လက်ရှိတွင် ကျားမအချိုး တူညီနေကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် လယ်စိုက်ပျိုးရေး နှင့် ခြံလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြသည်။ လယ်ယာ လုပ်ငန်းခွင်နှင့် ခြံလုပ်ငန်းတို့တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်း၊ ခြံလုပ်ငန်းများတွင် အဓိကလုပ်ကိုင်သူ (၇၄)%၊ ရာသီအလိုက် နေ့စားအလုပ် လုပ် ကိုင်သူ(၂၆) % လုပ်ကိုင်သူနှင့်ဝန်ထမ်းလုပ်ငန်း လုပ်ကိုင်သူ များလည်း ရှိကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

ကြပ်ကြီးကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေကေ(၈၀)ကေ၊ ခြံမြေကေ(၉.၈၇) ကေ၊ စုစုပေါင်း(၈၉.၈၇)ကေ ဖြစ်ကြောင်း၊ စားကျက်၊မြေလွတ်မြေရိုင်း၊ ဓနိတောမြေ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာအဆင်ပြေသောအိမ်ထောင်စု ၉အိမ် (၁၁%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၂၆အိမ် (၃၀%)၊ ဆင်းရဲသော အိမ်ထောင်စု ၂၆ အိမ် (၃၁%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု(၂၄)အိမ် (၂၈%) ရှိကြောင်း လေ့လာတွေ့ရှိ ရပါ သည်။

ကြပ်ကြီးကျေးရွာသည် လယ်လုပ်ငန်းအား အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့် လယ်စိုက်ပျိုးရေးသုံး စက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်း ထွန်စက်(၇)စီး၊ ခြွေလှေ့စက်(၂)စီး၊ ရေစုပ်စက်(၁၇)စီးရှိကြောင်းနှင့် ကျေးရွာမှစုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင် စက် ကိရိယာများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကြပ်ကြီးကျေးရွာရှိ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု (၃)စုမှာ (၃)လ နှင့်(၆)လကြား ဝမ်းစာဖူလုံမှုသာရှိ၍ လုပ်အားခကြိုယူ၍စားသောက်ရကြောင်း၊ ကျန်အိမ်ထောင်စု များမှာ အထောက်အပံ့ယူ၍ သော်လည်းကောင်း လုပ်အားခယူ၍ သော်လည်းကောင်း စားဝတ် နေရေး ဖြေရှင်းနေရကြောင်းလေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီး ရွယ်အို(၆၄)နှစ် အထက်မရှိကြောင်း၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်း သည့် ပုဂ္ဂိုလ်ရှိသည့် အိမ်ထောင်စုမရှိကြောင်း၊ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် သည့် အိမ်ထောင်စု မရှိကြောင်း၊ အခြားဒေသသို့ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု မရှိကြောင်း၊ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသောအုပ်စုများမရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

ကြပ်ကြီးကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် Covid-19 ကူးစက်မှု အနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် သဘာဝ ရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊ မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှု စသည့် ထိခိုက်မှုမျိုး မရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

ကြပ်ကြီးကျေးရွာတွင်ထိခိုက်သက်ရောက်မှုခံရသူများအတွက် အုပ်စု ကဏ္ဍအလိုက် ခွဲခြား သတ်မှတ်ရာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူ ကျပန်းအလုပ်သမားများနှင့် အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော် လည်း ထိခိုက်သက်ရောက် မှုနိမ့်ကြောင်း၊ လူငယ်များသည်အရက်သေစာ သောက်စားမှုရှိသော ကြောင့် ထိခိုက်သက်ရောက်မှု အနည်းအကျဉ်းသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကြပ်ကြီးကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြား ရောဂါဘယ ဖြစ်ပွားမှု နည်းပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ် မရှိကြောင်း၊ ကိုဗစ်ရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိသော်လည်း ကူးစက်မှုအလွန်နည်းကြောင်း လေ့လာ တွေ့ ရှိရပါသည်။

ကြပ်ကြီးကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း၌အခြားစုပေါင်း ကာကွယ် ဆေး အနေဖြင့် ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှု များအနေဖြင့်၊ ကျေးရွာ နှင့်(၂)မိုင်ခန့်အကွာတွင် ဇလွန်ပြည်သူ့ဆေးရုံကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံလုံ လောက်မှုရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာ မရှိကြောင်း၊ အဆင် ပြေပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကြပ်ကြီးကျေးရွာတွင် စာမတတ်သူဦးရေကျား(၁၄)ဦး၊ မ(၇)ဦး၊ စုစုပေါင်း (၂၁)ဦး(၇)% ရှိ ကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၆၅)ဦး၊ မ(၇၉)ဦး၊ စုစုပေါင်း (၁၄၄)ဦး၊ (၄၆)%ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၅၂)ဦး၊ မ(၃၅)ဦး၊ စုစုပေါင်း(၈၇)ဦး၊ (၂၈)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၂၀)ဦး၊ မ(၂၀)ဦး၊ စုစုပေါင်း(၄၀)ဦး၊ (၁၃)% ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၇)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၁၈ )ဦး၊ (၆)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၂၃)ဦး၊ မ(၁၆)ဦး၊ စုစုပေါင်း(၃၉)ဦး၊ (၁၄)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား (၁၂)ဦး၊ မ(၉)ဦး၊ စုစုပေါင်း (၂၁)ဦး၊ (၇)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(-)ဦး၊ မ(၅)ဦး၊ စုစုပေါင်း (၅)ဦး၊ (၂)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၄)ဦး၊ မ(၃)ဦး၊ စုစုပေါင်း (၇)ဦး၊ ( ၂)% ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ နီးစပ်ရာကျေးရွာများရှိ ကျောင်းများသို့ သွားရောက်၍ ပညာသင်ကြားကြကြောင်းလေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကြပ်ကြီးကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင် ရွက်မှုရှိသော်လည်း အခန်းကဏ္ဍနည်းပါးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှု စနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု အခြေအနေမျိုး အနည်းငယ်သာရှိကြောင်း၊ လွန်ခဲ့ သော နှစ်အတွင်း ကျေးရွာ အတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ်

အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှု များအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများ အတွက် ကျေးရွာသူကျေးရွာသားများ ထိုက်သင့် သလောက် အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ကြပ်ကြီးကျေးရွာသည် လယ်နှင့်ခြံလုပ်ငန်းကို အဓိက လုပ်ကိုင်သော ကျေးရွာဖြစ်သဖြင့် လယ်လုပ်ငန်းများတွင်ရာသီ အလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေး များ ၏လုပ်အားခ နှုန်းထားအများဆုံးမှာ(၆၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၅၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခ နှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၃၀၀၀)ကျပ် ဖြစ်ကြောင်း၊ ဆောက် လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်းလုပ်ကိုင်ကြသည့်ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထား အများဆုံး မှာ (၈၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၆၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ (၆၀၀၀)ကျပ်၊ အနည်းဆုံးမှာ(၄၀၀၀)ကျပ် ဖြစ်ကြောင်းလေ့လာ တွေ့ရှိ ရပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကြပ်ကြီးကျေးရွာတွင်လူမှုရေး၊ စီးပွားရေးဦး ပညာရေး၊ သာရေး နာရေး ကိစ္စအရပ်ရပ်ကို လူကြီး၊ လူငယ်၊ ကျား၊မ အားလုံးပူးပေါင်း ဆောင်ရွက်တက်သည့်အလေ့အကျင့်ကောင်းများ ရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ဗမာလူမျိုး များဖြစ်ကြပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၁)ကျောင်းနှင့် ဘုရားစေတီပုထိုးများ လည်းရှိပါ သည်။ ကျေးရွာတွင် ယခုအခါ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ကျေးရွာ အတွင်း ထည့်ဝင်ငွေများနှင့် အလှူရှင်များ ပူးပေါင်းပြီး ကျေးရွာလမ်းကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိပါ သည်။ကျေးရွာလမ်းကောင်းမွန်ပါ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ဘာသာရေး အစရှိ သည်တို့မှာ အဘက်ဘက်မှ တိုးတက်ပြောင်းလဲမှုများ ဖြစ်လာသည်မှာ ဧကန်ပင်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကြပ်ကြီးကျေးရွာသည် စပါးနှင့်ပဲအားအဓိကသီးနှံအဖြစ်စိုက်ပျိုးကြပြီးစပါးစိုက်ဧက (၈၀) ဧက ရှိပြီး ပျမ်းမျှ(၆၂.၅)တင်း ထွက် ရှိကြောင်း၊မတ်ပဲစိုက်ဧက(၃၂)ဧကရှိပြီး ပျမ်းမျှ (၉၀)တင်းထွက် ရှိကြောင်း၊ သီးနှံများအတွက် ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက် မှာပုံမှန်ဖြစ်ကြောင်း၊ သီးနှံများ ဖြစ်ထွန်းမှုအကျိုး အမြတ်ရရှိမှုများ မှာလည်း သင့်တင့် ကောင်းမွန် ကြောင်း၊ စပါးနှင့်မတ်ပဲကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

ကြပ်ကြီးကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်း ကောင်းများမှာ လယ်အဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် လယ်မြေကိုကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြားဓါတုဗေဒသွင်းအားစု များအလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေး အတွက် လိုအပ်သော သွင်းအားစုရေကိုအဝီစိတွင်းတို့မှ တိုက်ရိုက်ရရှိနိုင်ခြင်း၊ လယ် -မြေဆီမြေလွှာ အသင့်အတင့် ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ကျေးရွာသည် သီးနှံထုတ်ကုန်များစိုက်ပျိုးထုတ်လုပ်ရာတွင် လက်တွန်းထွန် စက်များ၊ ခြွေလှေ့စက်များ၊ ရေစုပ်စက်များဖြင့်အသုံးပြု၍ ထုတ်ကုန်များ ရရှိရန်အသုံးပြုပါသည်။ စိုက်ပျိုးရာတွင် ရာသီဥတုသင့်တင့်ခြင်း၊ စိုက်ပျိုးရေရရှိမှု ပေါများကောင်းမွန်ပါသည်။ ချေးငွေနှင့်ငွေကြေး ဝန်ဆောင်မှုများလည်း စိုက်ပျိုးရေးအတွက် ရရှိ ပါသည်။ စိုက်ပျိုးရေးသုံးသီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်ပါသည်။ လုပ်သားများကိုလည်း စိုက်ပျိုးရေး အတွက် ရရှိနိုင်ပါသည်။

ကြပ်ကြီးကျေးရွာတွင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာ မြင်းမွေးမြူ သော အိမ်ထောင်စု (၁)အိမ် အကောင်ရေ(၁)ကောင်၊ ကြက်မွေးမြူသော အိမ်ထောင်စု(၂)အိမ် (၈)ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု (၁)အိမ်ထောင်စု (၁)ကောင်ရှိကြောင်းနှင့် ကျွဲ၊ မြည်း၊ လား၊ ဆိတ်၊ သိုး မွေးမြူသော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကြပ်ကြီး ကျေးရွာတွင် ကြက်၊ဝက်၊ မြင်းမွေးမြူရေးကဏ္ဍတွင် ပြဿနာအခက်အခဲများရှိ၍ စီးပွားဖြစ်မွေးမြူ ကြခြင်းမဟုတ်ပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကြပ်ကြီးကျေးရွာသည် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအနေဖြင့် ရာသီအလိုက်လုပ်ငန်းလုပ်ကိုင်ခြင်း ပန်းရံလုပ်ငန်းလုပ်ကိုင်သည့် လုပ်သည့် အခွင့်အလမ်းများရှိပါသည်။

ကြပ်ကြီးကျေးရွာသည်ဇလွန်မြို့နှင့်(၂)မိုင်ခန့်ကွာဝေးပြီး လျှပ်စစ်မီး မရရှိသေးသည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေ ထက်ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့် အလမ်းများ၊ ဝင်ငွေတိုးပွားမှုများ မရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

လယ်နှင့်ခြံလုပ်ငန်းအဓိကလုပ်ကိုင်သူ(၈၇)ဦး၊လယ်လုပ်ငန်းများတွင်ရာသီအလိုက်နေ့စားအလုပ် လုပ်ကိုင်သူ (၄၅)၊ အပ်ချုပ်စက်ချုပ် လုပ်ငန်းနှင့် ဖျာယက်လုပ်ကိုင်သူများ လည်းရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ကျေးရွာ၏ ဒေသ ထွက်ကုန်များအား ရောင်းချရန်စျေးကွက်ကောင်းရှိပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဝင်ငွေ တိုးပွားမှုများ မရရှိကြောင်းလေ့လာတွေ့ရှိ ရပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကြပ်ကြီးကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ စီမံ ခန့်ခွဲမှုစနစ်၌ လယ်နှင့်ခြံအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိသော အမှိုက်များအား မြေသြဇာအဖြစ် ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊နေအိမ်များမှ ထွက်ရှိ

သည့် စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်းတယောက်ချင်းစနစ်တကျ စွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်းကျေးရွာအဆင့်သီးသန့်နေရာစီမံထားရှိမှုမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာ စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း လေ့လာတွေ့ရှိရပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတု ပိုးသတ်ဆေးကိုသာ ပိုမိုသုံးစွဲကြကြောင်း လေ့လာတွေ့ရှိရသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကြပ်ကြီးကျေးရွာတွင် လယ်သမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ(အတိုးနှုန်း ပြား ၅၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသူများ ရှိကြောင်း၊ အခြားမည့်သည့်ချေးငွေမှ မရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကြပ်ကြီးကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ နီးစပ်ရာကျေးရွာများရှိ ကျောင်းများသို့ သွားရောက်၍ ပညာသင်ကြားကြကြောင်းလေ့လာတွေ့ရှိရပါသည်။ ကျေးရွာသူ/သားများသည် တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိရှိကြပါသည်။

ကြပ်ကြီးကျေးရွာ၏သောက်သုံးရေရရှိမှုမှာရေတွင်းအသုံးပြုသူအိမ်ထောင်စု(၁)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူ အိမ်ထောင်စု (၁၇)အိမ် ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်း အသုံးပြုသူ အိမ်ထောင်စု(၃၇)အိမ် ရှိကြောင်း၊ တုံကင်တွင်းနှင့် ရေတွင်းတို့မှနွေ၊မိုး၊ဆောင်း၊ ရာသီသုံးပါးစလုံးသောက်သုံးရေအတွက်လုံလောက်မှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ကြပ်ကြီးကျေးရွာတစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကြပ်ကြီးကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သော သူများမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့် ဘုရားပွဲတောများ ကျင်းပ ဆောင်ရွက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များ စာပေဗဟုသုတများ စိတ်ဝင်စားလာစေရန်၊ ကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း၊ လူငယ်များအပန်းဖြေရန် နေရာမရှိ၍ ရွာပွဲတော်များတွင်သာ ဆင်နွှဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကြပ်ကြီးကျေးရွာ၏ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းသွယ် (၃၃၀၀’ x၁၀’) ခင်းထားပါသည်။ ၎င်းလမ်းမှာ လယ်ယာလုပ်ငန်း နှင့် ထုတ်ကုန်ပို့ဆောင်ရေးယာဉ်ကြီးများ ရာသီမရွေး

အသုံးပြု၍ မရကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ကြပ်ကြီးကျေးရွာသည် လက်ရှိတွင် ဆိုလာစနစ်သုံးသောအိမ်ထောင်စုများနှင့် အခြားသုံးစွဲသော အိမ်ထောင်စုများလည်းရှိသည်။ ကျေးရွာကျန်းမာရေးအတွက် ဆေးပေးခန်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေအကောင် အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်းလေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် များ ရရှိရေးအတွက် ဖုန်း(၄၂)လုံး၊ တီဗွီ(၆)လုံး၊ ဂြိုလ်တုစလောင်း(၁)လုံးဖြင့် အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံး ပြုနိုင် ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက် (၂) မိုင်ကခန့်ကွာဝေးသော အနီးဆုံးဈေး“ဇလွန်ဈေး’သို့ ဆိုင်ကယ်၊ ကား/ ထော်လာဂျီတို့ဖြင့် ဆက်သွယ်သွားလာကြပြီး စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေး ပစ္စည်းများ၊ ပရိဘောဂများ ဝယ်ယူရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာသည် နီးစပ်ရာမြို့၊ ရွာများသို့ စက်ဘီး၊ ဆိုင်ကယ် တို့ဖြင့် သွားလာမှု အများဆုံးဖြစ်ကြောင်း၊ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များဖြစ်သည့် စက်ဘီး (၁၈)စီး၊ မော်တော်ဆိုင်ကယ် (၃၄)စီးနှင့်ထော်လာဂျီ(၃)စီးနှင့် ကား(၁)စီးရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကြပ်ကြီးကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝ မရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါ သည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကြပ်ကြီးကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, ooredoo၊ Mytel ကဲ့သို့သောဖုန်း လိုင်းများမိသောကြောင့် အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ သားများမှာဖုန်းဖြင့် Internetပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကြပ်ကြီးကျေးရွာတွင် ဘုန်းကြီးကျောင်းရှိခြင်း၊ ကော့ကပ်လမ်းမကြီးအနီး၌ ရှိခြင်း၊ ဇလွန်မြို့နှင့်လည်းနီးသောကြောင့် ကျေးရွာ၏ တည်နေရာ အရ အနေအထားကောင်းမွန်ပါသည်။

ကြပ်ကြီးကျေးရွာတွင်ယခုနှစ်တွင်လျှပ်စစ်မီးလင်းရေးရရှိထားသောကြောင့် ကျေးရွာတွင် စီးပွားရေး၊ ပညာရေး ကောင်းမွန် တိုးတက်လာမည် ဖြစ်ပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကြပ်ကြီးကျေးရွာ၏ ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းသွယ် (၃၃၀၀’ x၁၀’) ခင်းထားပါသည်။ ၎င်းလမ်းမှာ လယ်ယာလုပ်ငန်း နှင့် ထုတ်ကုန်ပို့ဆောင်ရေးယာဉ်ကြီးများ ရာသီမရွေး အသုံးပြု၍ မရကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ကျေးရွာ ကျန်းမာရေးအတွက် ဆေးပေးခန်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအကောင် အထည်ဖော်ဆောင်ရွက်ရန် လိုကြောင်း လေ့လာတွေ့ရှိရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**
**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်း အုတ်ဘောင်ခတ်ချောင်းကျောက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်းအကောင်အထည်ဖော်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်း အုတ်ဘောင်ခတ်ချောင်းကျောက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်

ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်း အုတ်ဘောင်ခတ်ချောင်းကျောက် လမ်းအဆင့်

မြှင့်တင်ဆောင်ရွက်နိုင်ရန်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှ လည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်နိုင်ရန် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း ရရှိနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြ၍ ကျေးရွာမှလည်း ထည့်ဝင် ငွေများကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်း အုတ်ဘောင်ခတ်ချောင်းကျောက် လမ်းအဆင့်

မြှင့်တင်ဆောင်ရွက်နိုင်ရန်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှ လည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့် ကျွန်ုပ် တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရ ထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့ မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီ အစဉ်များကို

လည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန် ဖြစ်သည်။

**(ခ) ရွာတွင်းလမ်း အုတ်ဘောင်ခတ်ချောင်းကျောက်ခင်းခြင်း**

ကြပ်ကြီးကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းပေ(၃၃၀၀'x၁၀') ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းရှင်လူများ၊ စက်ဘီး၊ ဆိုင်ကယ်၊ လုပ်ငန်းသုံးယာဉ်များရာသီ မရွေး ဆက်သွယ်သွားလာမှုပြုနိုင်ရေး အုတ်ဘောင်ခတ်ချောင်းကျောက် လမ်းအဆင့်မြှင့် တင်ဆောင် ရွက်နိုင်ရန် အတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**(ဂ) ရေသန့်တွင်းတူးဖော်ခြင်း**

ကြပ်ကြီးကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးဆောင်ရွက်နိုင်ရန် ကျေးလက် ဦးစီးဌာနနှင့်ချိတ်ဆက်၍ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။

**(ဃ )ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း**

ကြပ်ကြီးကျေးရွာကျေးလက်ဆေးပေးခန်း ရရှိနိုင်ရန်ကျန်းမာရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။

**(င) အုတ်ဘောင်ခတ်ချောင်းကျောက်ခင်းခြင်း**

ကြပ်ကြီးကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းပေ(၃၃၀၀'x၁၀') ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းရှင်လူများ၊ စက်ဘီး၊ ဆိုင်ကယ်၊ လုပ်ငန်းသုံးယာဉ်များရာသီ မရွေး ဆက်သွယ်သွားလာမှုပြုနိုင်ရေး အုတ်ဘောင်ခတ်ချောင်းကျောက် လမ်းအဆင့်မြှင့် တင်ဆောင် ရွက်နိုင်ရန် အတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေများ ကောက်ခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည်

ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)- ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကျေးရွာတွင်းလမ်း အုတ်ဘောင်ခတ်ချောင်းကျောက်လမ်း ဆောင်ရွက်ခြင်း

(၂) ရေသန့်တွင်းရရှိရေးဆောင်ရွက်ခြင်း

(၃) ကျေးလက် ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း

(၄) ကျေးရွာတွင်းလမ်း အုတ်ဘောင်ခတ်ချောင်းကျောက်လမ်း ဆောင်ရွက်ခြင်း

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းအုတ်ဘောင်ခတ်ချောင်းကျောက်လမ်းခင်ခြင်း | ၁ | ✔ | | | | |
| ၂။ | ရေသန့်တွင်းရရှိရေးဆောင်ရွက်ခြင်း | ၂ | | ✔ | ✔ | ✔ | ✔ |
| ၃။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၃ | | | ✔ | ✔ | ✔ |
| ၄။ | ကျေးရွာတွင်းအုတ်ဘောင်ခတ်ချောင်း ကျောက်လမ်းခင်ခြင်း | ၄ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်း ဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျက်

<table>
<tr><th rowspan="3">စဉ်</th><th rowspan="3">စီမံချက်</th><th rowspan="3">ရန်ပုံငွေ (သိန်း)</th><th colspan="4">ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)</th></tr>
<tr><th rowspan="2">သာမန်အသုံးစရိတ်</th><th colspan="2">ငွေလုံးငွေရင်းအသုံးစရိတ်</th><th rowspan="2">လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု</th></tr>
<tr><th>ငွေလုံးငွေရင်းသုံးစရိတ်</th><th>စွမ်းဆောင်ရည်မြှင့်တင်ရေး</th></tr>
<tr><td>၁။</td><td>ကျေးရွာတွင်းအုတ်ဘောင်ခတ်ချောင်းကျောက်လမ်းခင်ခြင်း</td><td></td><td></td><td>✔</td><td></td><td></td></tr>
<tr><td>၂။</td><td>ရေသန့်တွင်းရရှိရေးဆောင်ရွက်ခြင်း</td><td></td><td></td><td>✔</td><td></td><td></td></tr>
<tr><td>၃။</td><td>ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း</td><td></td><td></td><td>✔</td><td></td><td></td></tr>
<tr><td>၄။</td><td>ကျေးရွာတွင်းအုတ်ဘောင်ခတ်ချောင်းကျောက်လမ်းခင်ခြင်း</td><td></td><td></td><td>✔</td><td></td><td></td></tr>
</table>

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီး သီး၊ ကော်မတီအသီးသီး အား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ- မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ကုန်ထုတ်လမ်းအဆင့် မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မ တတ်နိုင်သောအကူအညီ များရယူဆောင်ရွက် ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့နယ် ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရ ပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို -

ကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထု အစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
    - ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ ပါမည်။ အစီရင် ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိက ထားဖော်ပြပါမည်။ ၄င်း အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင် ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

